အလ္လာဟ်အရှင်မြတ်မှတစ်ပါး

အခြားကိုးကွယ်ရာအရှင်မရှိပါ။

မကြာမီဖြစ်ပေါ်လတ္တံ့သော ဘေးဆိုးကြောင့်

အာရဗ်တို့အတွက် ပျက်စီးခြင်း ဆိုက်ရောက်လာလိမ့်မည်။ယနေ့ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ် (တို့အား တားဆီးထားသော) တံတိုင်းဟာ ဤမျှလောက် ပွင့်သွားခဲ့ပြီဖြ‌စ်သည်

ဇိုင်နဗ် ဗင်န်သေ့ ဂျဟရှ် (ရဿွိယလ္လာဟု အန်ဟာ) ထံမှ ဆင့်ပြန်လာရှိသည်မှာ-
တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် ကြောက်ရွံ့ထိတ် လန့်စွာဖြင့် (ဤသို့) ပြောဆိုလျက် သူမထံသို့ ကြွမြန်းလာတော်မူခဲ့သည်။
အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ရာအရှင်မရှိပါ။
မကြာမီဖြစ်ပေါ်လတ္တံ့သော ဘေးဆိုးကြောင့် အာရဗ်တို့အတွက် ပျက်စီးခြင်း
ဆိုက်ရောက်လာလိမ့်မည်။ ယနေ့ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ် (တို့အား တားဆီးထားသော)
တံတိုင်းဟာ ဤမျှလောက် ပွင့်သွားခဲ့ပြီဖြ‌စ်သည်။ ထို့နောက်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏လက်မနှင့်လက်ညိုးကို
ကွင်းပုံသဏ္ဍာန် ပြုလုပ်ပြတော်ခဲ့သည်။ ဇိုင်နဗ် ဗင်န်သေ့ ဂျဟရှ် (ရဿွိယလ္လာဟုအန်ဟာ)က ပြောပြခဲ့သည်။ ထိုအခါ ကျွန်မ က "အို အ လ္လာဟ်အရှင်မြတ်ရဲ့ ရစူလ်တမန်တော်၊
ကျွန်မတို့ထဲတွင် သူတော် ကောင်းများ ရှိနေသေးသည့်တိုင် ကျွန်မတို့ပျက်စီးကြရမည်လား" ဟု ပြန်လည် မေးမြန်းလျှောက်ထားခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က "ဟုတ်တယ်၊မကောင်းမှုတွေ များပြားလာတယ့်အခါ (ထိုသို့ဖြစ်လာလိမ့်)" ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် ကြောက်ရွံ့ထိန်လန့်စွာဖြင့်ဇိုင်နဗ် ဗင်န်သိ ဂျဟရှ် (ရဿွိယလ္လာဟု အန်ဟာ) ထံသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်ကကိုယ်တော်သည် "လာအိလာဟာ အစ်လလ္လလ္လာဟ်" (အလ္လာဟ်အရှင်မြတ်မှတစ်ပါးအခြားကိုးကွယ်ရာအရှင်မရှိပါ) ဟူသော ကလိမဟ်တော်ကို ရွတ်ဆိုနေခဲ့သည်။ ဤအချက်သည်မလိုလားအပ်သော အရာတစ်ခုခု ဖြစ်ပေါ်လာတော့မည်ကို ညွှန်ပြနေပြီး၊ ထိုအရာမှလွတ်မြောက်ရန် အလ္လာဟ်အရှင်မြတ်ထံ ခှိုလုံခြင်းမှလွဲ၍ အခြားနည်းလမ်း မရှိပေ။ထို့‌နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က အာရဗ်တို့အတွက်ပျက်စီးခြင်းသည် မကြာမီဖြစ်ပေါ်လတ္တံ့သော ဘေးဆိုးကြောင့် ဆိုက် ရောက်လာလိမ့်မည်။ယနေ့ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ် (တို့အား တားဆီးထားသော) တံတိုင်းဟာ ဤမျှလောက်ပွင့်သွားခဲ့ပြီဖြစ်သည်ဟု မိန့်ကြားခဲ့သည်။ ထို့နောက်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ လက်မနှင့်လက်ညိုးကိုကွင်းပုံသဏ္ဍာန် ပြုလုပ်ပြတော်ခဲ့သည်။ ထိုတံတိုင်းမှာ ဇုလ်ကရ်နိုင်းန်ဘုရင်ကတည်ဆောက်ခဲ့သော တံတိုင်းဖြစ်သည်။ ထိုအခါ ဇိုင်နဗ် (ရဿွိယလလာဟုအန်ဟာ) က "ကျွန်မတို့ထဲတွင် သူတော်ကောင်းများ ရှိနေပါလျက် အလ္လာဟ်အရှင်မြတ်သည်ကျွန်မတို့အပေါ် ပျက်စီးခြင်းကို အဘယ်သို့ လွှမ်းမိုးကျ ရောက်စေတော်မူမည်နည်း" ဟု

လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က " မကောင်းသည့်လုပ်ရပ်များ ကျူးလွန်ခြင်းနှင့် ဇိနာလုပ်ခြင်း၊ အရက်သေစာသောက်စားခြင်းစသည့် မကောင်းမှုဒုစရိုက်များ များပြားလာသောအခါ ပျက်စီးခြင်းသည် လူသားအားလုံးကိုလွမ်းခြုံသွားလိမ့်မည်" ဟုမိန့်ကြားတော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/3145